ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
တန့်ယန်းမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၈–၂၀၁၉)

(Village Development Project)

မိုင်းကောင်ကျေးရွာအုပ်စု ၊ လားဟူကွက်သစ်(မိုင်းကောင်ရွာသစ်)ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လားဟူကွက်သစ်(မိုင်းကောင်ရွာသစ်)ကျေးရွာ၊ တန့်ယန်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ ဇူလိုင်လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	၄
	လားဟူကွက်သစ်ကျေးရွာသယံဇာတပြန်မြေပုံ၊ တန့်ယန်းမြို့နယ်	၆
	လားဟူကွက်သစ်ကျေးရွာရာသီခွင်ပြပြကွဒိန်၊ တန့်ယန်းမြို့နယ်	၇
	လားဟူကွက်သစ်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြန်မြေပုံ၊တန့်ယန်းမြို့နယ်	၈

အပိုင်း(က) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။	**တည်နေရာနှင့်ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၉
၃။	**လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	၁၁
၅။	**စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**	၁၁
	(က) သီးနှံစိုက်ပျိုးရေး	၁၁
	(ခ) မွေးမြူရေးလုပ်ငန်း	၁၂
	(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၁၂
	(ဃ) ရွှေ့ပြောင်းလုပ်သားများ	၁၃
	(င) ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက်	၁၃
	(စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ	၁၃
၆။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	၁၄
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၄
	(ခ) ကျေးရွာမီးလင်းရေး	၁၄
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၄
၇။	**ပညာရေး**	၁၄
၈။	**ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**	၁၅

၉။	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၅
၁၀။	**ကျား/မရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၅
၁၁။	**ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**	၁၆
၁၂။	**ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး**	၁၆
၁၃။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၇

အပိုင်း(ခ)စီမံချက်ဆိုင်ရာအချက်အလက်

	စီမံချက်အဆိုပြုလွှာ(၁)	၁၈
	နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးကော်မတီဝင်များ စာရင်း	၂၀
	နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၁
	နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၆၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ဘဏ္ဍာရေးနှစ် မှ ၂၀၁၈/၂၀၂၃ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည် ။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကွန်ပ်တို့ကျေးရွာတွင် ကွန်ပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူပေါင်းပါဝင်ဆောင်ရွက်သည့်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများကစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေး


ခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေ ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လားဟူကွက်သစ်ကျေးရွာ
တန့်ယန်းမြို့နယ်

လားဟူကွက်သစ်ကျေးရွာသယံဇာတပြမြေပုံ ၊ တန့်ယန်းမြို့နယ်




လားဟူကွက်သစ်ကျေးရွာရာသီခွင်ပြပြကွဒိန် ၊ တန့်ယန်းမြို့နယ်

လားဟူကွက်သစ်ကျေးရွာ ရာသီခွင်ပြပြကွဒိန်

အဖြစ်အပျက်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီ
ရာသီဥတု												
အလုပ်အကိုင်					နွားကျောင်း	စပါးစိုက်ပျိုး	စပါး				ကြံ	
လာဘ်လုပ်လက်ဆောင် ပိဿာ၁၀မျှ ဝတ္ထုရင်္ကြိမ် ၎မြို့၊ နယ်း၊ မျှား၅	၄၅	၄၅	၅	၅	၆	၈	၁၀	၆	၇၅၅	၇၅၆	၅၀	၅၀
အသုံးဆရိတ်	နှုတ်း	နှုတ်း	-	-	မျှား	မျှား	မျှား	မျှား	—	—	မျှား	-
ဈေးဝယ်ပို့ဆောင်မှု	-	-	-	-	ကိုက်	ကိုမလ်	ကိုမား	ကိုမား	—	-	—	-
ဝမ်းစာဖူလုံမှု	-	-	-	-	-	-	-	-	-	-	-	-
သောက်သုံးရေရရှိမှု	၇၀၊	၇၀၊	၆၀၊	၆၀၊	၅၀၊	၄၀၊	၄၀၊	၁၀၀၊	၁၀၀၊	၁၀၀၊	၈၀၊	၈၀၊
တိရစ္ဆာန်ဘေးကင်းမှု			နှုတ်း									
တိရစ္ဆာန်ရောဂါကျရောက်မှု	-	-	-	-	-	-	-	-	-	-	-	-
ကျန်းမာရေးအခြေအနေ	နာဝေ				ဝမ်းကြော	ကျော				တုပ်ဖောင်း	တုပ်စိတ်	
သီးနှံပိုးမွှားရောဂါကျရောက်မှု						ဒို	ဒို					
ပွဲတော်				သင်္ကြန်						အဆင်းအမြောက်		ဒုန်တွင်း
ဘဘာထေားဘဏ္ဍာသင်						ကျောင်း	မိုးကြိုး					

လားဟူကွက်သစ်ကျေးရွာအဖွဲ့အစည်းများနှင့် ဆက်စပ်မှုပြမြေပုံ ၊ တန့်ယန်းမြို့နယ်



အပိုင်း(က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

လားဟူကွက်သစ်ကျေးရွာသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ၊လားရှိုးခရိုင် ၊ တန့်ယန်းမြို့နယ်၊ မိုင်းကောင်ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာဖြစ်ပါသည်။ တန့်ယန်းမြို့နှင့် (၂၅)မိုင်ခန့် အကွာတွင် တည်ရှိပါသည် ။ကျေးရွာ၏ မြောက်ဘက်တွင် မန်ကျောင်းရွာ ၊ တောင်ဘက်တွင် ပန်ဟိုက်ရွာ ၊ အနောက်ဘက်တွင် စယ်ဟီအုပ်စုနှင့် ထိစပ်နေသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ကျေးရွာ၏ ရာသီဥတုအနေအထားမှာ အေးမြစိုစွတ်သောရာသီဥတု ဖြစ်ပါသည်။ ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧကမှာ ယာမြေ/တောင်ယာမြေစုစုပေါင်း (၂၅၁)ဧကရှိပါသည်။ယာမြေ/ တောင်ယာမြေ လုပ်ကိုင်သူ များပြားပါသည်။ မြေလွတ်မြေလပ်တွင် လုပ်ကိုင်သူ မရှိကြောင်းလည်း လေ့လာတွေ့ရှိရသည်။ ကျေးရွာ၏ယာမြေများသည် မြေဆီ ၊ မြေဩဇာအသင့်အတင့် ကောင်းမွန်ပါသည်။ နွား၊ ဝက် ၊ ကွေးနှင့် ကြက် ကို အဓိကမွေးမြူကြပြီး ကျေးရွာတွင်းရှိ ကွေး ၊ နွားများခွာနာ ကျချိန်တွင် ဆေးဘက်ဝင်အပင်များကိုသာထုထောင်း၍သဘာဝဆေးနည်းဖြင့်ကုသကြပါသည်။ သဘာဝဆေးဘက် ဝင်အပင်များမှာ တောတောင်များတွင်ပေါက်ရောက်နေသောကြောင့်အသုံးချနိုင်မှု အနည်းငယ်ခက်ခဲပါ သည်။ ကျွန်ုပ်တို့ရွာအနီးတောတောင်များတွင် သစ်နှင့်ဝါး ၊ ဆေးဘက်ဝင် အပင်များနှင့် နှစ်ရှည်ပင်များ ရှိပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

လားဟူကွက်သစ် ကျေးရွာတွင် အိမ်ထောင်စု(၁၄၀)အိမ်ရှိပြီး ၊ လားဟူလူမျိုးများနေထိုင် ကြပါသည် ။လူဦးရေစုစုပေါင်း (၁၀၂၇)ဦးဖြစ်ပြီး ယျမ်းမျှ တစ်အိမ်ထောင်လျှင် (၇) ဦးရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် တစ်နှစ်အောက်နို့စို့အရွယ်ကလေး ကျား(၁၁) ဦး၊ မ (၁၆) ဦး၊ ၅နှစ်အောက် ကလေး ကျား(၅၇) ၊ မ (၄၇)ဦး ၊ မူလတန်းကျောင်းသားအရွယ် ၅ နှစ်မှ ၉နှစ် ကျား(၅၇)ဦး ၊ မ(၅၅) ဦး၊၁၀နှစ်မှ ၁၄နှစ် အလယ်တန်းကျောင်းသားအရွယ် ကျား(၇၈)ဦး ၊မ

(၅၄)ဦး ၊ ၁၅နှစ်မှ ၆၄နှစ်အလုပ်လုပ်နိုင်သောအရွယ် ကျား(၃၂၄)ဦး ၊ မ (၃၁၁)ဦးနှင့် သက်ကြီးရွယ်အို ကျား(၈)ဦး ၊ မ(၉)ဦးရှိပါသည်။ကလေးများအားလုံး အသက်(၆)နှစ်ပြည့်လျှင် မူလတန်းပညာကိုတတ်ရောက်ပါသည်။ ကျေးရွာရှိလူငယ်လူရွယ်များသည် အများအားဖြင့် အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသူများလည်း ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျွန်တော်တို့ လားဟူကွက်သစ်ကျေးရွာသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကစီးပွားရေးအဖြစ်လုပ်ကိုင်ကြသည်။ ကျေးရွာ၏ စိုက်ပျိုးနိုင်သောမြေဧကမှာ ယာမြေ/တောင်ယာမြေ ၊ဥယျာဉ်ခြံမြေ ၊ လယ်မြေ စုစုပေါင်း (၂၅၁) ဧက ရှိပါသည်။ ယာမြေလုပ်ကိုင်သူများပြားပါသည်။ လယ်မြေလုပ်ကိုင်သူနည်းပါးကြောင်းလေ့လာတွေ့ရှိရသည်။မြေဆီလွှာအရည်အသွေးမှာအသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင်မြေလွတ်မြေလပ်မရှိပါ။ တောင်ယာမြေစိုက်ပျိုးရာတွင်စိုက်ပျိုးရေအဖြစ် မိုးရေကိုသာအားထား၍စိုက်ပျိုးရပါသည်။ စပါးကိုမိသားစုစားသုံးရန်အတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ အိမ်တွင်စားသုံးရန်ပြောင်း ကိုလည်းတစ်ပိုင်တစ်နိုင်စိုက်ပျိုးကြသည်။ အိမ်ထောင်စု အများစုသည် တောင်ယာလုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ကြသည်။ တောင်ယာလုပ်ငန်းအတွက်နွေစားအလုပ်သမား ငှားရမ်းရာတွင်အမျိုးသားတစ်ဦးလျှင် (၄၀၀၀)မှ(၃၅၀၀)ကျပ်ထိရရှိပြီး အမျိုးသမီးတစ်ဦးလျှင်(၃၅၀၀) ကျပ်မှ (၃၀၀၀) ကျပ်ထိသာရရှိကြသည်။ အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ကြသူများလည်းရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာ၏ အခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်သုံးသပ်အကဲဖြတ်သောနည်းလမ်းများအရ အဆင်ပြေသောအိမ်ထောင်စု (၁၁.၆) ရာခိုင်နှုန်း ၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၆၈.၁)ရာခိုင်နှုန်း ၊ မပြေလည်သောအိမ်ထောင်စု (၂၀.၁)ရာခိုင်နှုန်းရှိပါသည်။ အဆင်ပြေသောအိမ်ထောင်စုများမှာမြေယာပိုင်ဆိုင်မှုများပြားပြီးအလွန်ကောင်းသော အိမ်ပိုင်ဆိုင်ခြင်း ၊ ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှုရှိခြင်း၊ စီးပွားရေးအလွန်အဆင်ပြေခြင်းကြောင့်အဆင်ပြေသော အိမ်ထောင်စုအဖြစ်သတ်မှတ်ကြသည်။အလယ်လတ်ရှိသောအိမ်ထောင်စုများမှာလယ်နှင့်ယာပိုင်ပြီး တိုက်အိမ်ဖြင့်နေထိုင်နိုင်သော အိမ်ထောင်စုများ ဖြစ်သည်။ မပြေလည်သော အိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင်မှုနည်းပြီး စီးပွားရေးဝင်ငွေ နည်းပါးခြင်းကြောင့် မပြေလည်သောအိမ်ထောင်စုများဖြစ်သည်။

လားဟူကွက်သစ်ကျေးရွာ၏ (၄)ရာခိုင်နှုန်းသည် မြေယာမဲ့များဖြစ်ကြပြီး (၃) ရာခိုင်နှုန်းသည် ဆင်းရဲသားတောင်သူများများဖြစ်ကြသည်။ တောင်သူငယ်(၉၂.၈)%ရှိပါသည်။တောင်သူကြီးများမှာ (၀.၂)ရာခိုင်နှုန်းသာ ရှိကြောင်းတွေ့ရှိရသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခြင်းကြောင့် သစ်တောများပြုန်းတီးမှု ရှိပါသည်။မိုးရာသီတွင် ကြိုတင်ကာကွယ်မှုများမရှိခြင်း၊ခြင်ထောင်ဖြင့် မအိပ်ခြင်းတို့ကြောင့်ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ခံစားရလေ့ရှိသည်။ မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် လမ်းများချို့ခွက်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး အနည်းငယ်ခက်ခဲပါသည်။ ရာသီဥတုမှာ ပတ်ဝန်းကျင်ရွာတွေထက် အအေးပိုပါသည်။ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် အမျိုးသမီးဦးဆောင်လုပ်ငန်းများ ထိခိုက်မှုမရှိပါ ။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ လူငယ်အဖွဲ့ ၊ လူမှုရေးအဖွဲ့ ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ၊ သာရေး/နာရေးအဖွဲ့များရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာရှိ လူငယ်အဖွဲ့များသည် ရပ်ရွာအကျိုးများကို ရွာသူရွာသားများနှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။

လားဟူကွက်သစ် ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပ အဖွဲ့အစည်းများ မရှိပါ ။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်သည်။ တောင်ယာစိုက်ပျိုးမြေဧက စုစုပေါင်း(၂၃၁)ဧက ရှိပါသည်။ အဓိကစိုက်ပျိုးသီးနှံမှာ ပြောင်း ၊ စပါးကိုအများစုစိုက်ပျိုးပြီးတောင်ယာ စပါးတစ်နှိုင်တစ်ပိုင် လုပ်ကိုင်ကြသည် ။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပြီးသီးနှံအထွက်နှုန်း အဆင်ပြေပါသည်။၂၀၁၉ ခုနှစ်တွင် ပြောင်းဈေးကွက်မငြိမ်သက်ခြင်းကြောင့် စားဝတ်နေရေးခက်ခဲမှုများရှိပါသည်။ အချို့တောင်သူများသည် တောင်ယာမြေများရှိသော်လည်း အရင်းအနှီးမလုံလောက်ခြင်း ၊ နည်းပညာအခက်အခဲရှိခြင်း ၊ ရေသွင်းရာ၌ အနည်းငယ်ခက်ခဲမှုများကြောင့် သီးနှံထွက်နှုန်းလျော့ကျသည်။ ဒေသထွက်သီးနှံများကို မိုင်းကောင်ဈေးနှင့် တန့်ယန်းဈေးသို့ တင်ပို့ရောင်းချကြသည်။

ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှုမှာ စက်ကိရိယာပိုင်ဆိုင်သည့်အိမ်ထောင်စုအနည်းငယ်သာရှိပြီး အများစုမှာနီးစပ်ရာရွာမှာငှားရမ်း အသုံးပြုကြသည်။ ထိုသို့ ငှားရမ်းသုံးစွဲရာတွင်ငှားရမ်းခမယူဘဲ ဝိုင်းလုပ်ဝိုင်းစားသဘောဖြင့်သာ ကူညီဆောင်ရွက်ကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများ

သည် စက်ကိရိယာများဝယ်ယူရန် ငွေကြေးမတတ်နိုင်ခြင်းကြောင့် မိမိလုပ်အားဖြင့်သာ ကြိုးစားစိုက်ပျိုးကြသည်။ ကျေးရွာ၏ရာသီဥတုမှာ အေးမြစိုစွတ်သောရာသီဥတုဖြစ်ပါသည် ။ တောင်သူများသည်အရင်းအနှီးမတတ်နိုင်ခြင်း ၊ နည်းပညာဝန်ဆောင်မှုများ မရရှိခြင်းကြောင့် ယာမြေများကို ပြည့်ဝစွာအသုံးချနိုင်မှုမရှိပါ။ လိုအပ်သည့်အချိန်တွင် ချေးငွေများအလွယ်တကူမရရှိနိုင်ပါ။ မြို့နှင့်(၂၅)မိုင်ခန့်ကွာဝေး ပါသည်။ ဖျက်ပိုးနှင့်ရောဂါများလည်း အသင့်အတင့်ကျ ရောက်ပါသည်။ စိုက်ပျိုးရေ အဖြစ် မိုးရေကိုသာအဓိကအားကိုး၍ စိုက်ပျိုးရပါသည်။ စိမ့်စမ်းရေသည် နွေရာသီ၌ရေထွက်နှုန်းနည်းခြင်း ၊ သုံးစွဲသူများပြားခြင်းကြောင့်မိုးရေကိုသာ အားထား၍ စိုက်ပျိုးကြသည်။ စိမ့်စမ်းရေခမ်းခြောက်သွားသည့် အခြေအနေမရှိပါ ။ နွေရာသီတွင် ရေထွက်နှုန်း လျော့နည်းခြင်းသာဖြစ်သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်ုပ်တို့ကျေးရွာတွင် ကျွဲ၊နွားများကို စိုက်ပျိုးရာသီတွင်တောထဲ၌ချည်ထားပြီး ထိန်းကျောင်းမွေးမြူကြပါသည်။ သီးသန့်စားကျက်မြေဟူ၍ မရှိပါ။ ကြက် ၊ဝက်များကို အိမ်ခြံဝင်းအတွင်း၌ခြံခတ်၍ မွေးမြူကြသည်။ ကြက်နှင့်ဝက်ကို ပိုမွေးမြူကြသည်။ မြင်း မွေးမြူမှု အလွန်နည်းပါးကြောင်း တွေ့ရှိရသည်။ တိရစ္ဆာန်များအား ကြိုတင်ကာကွယ်ဆေးထိုးနှံမှုမရှိပါ ။ ရောဂါဖြစ်ပွားမှသာသဘာဝနည်းဖြင့် သာကုသကြသည်။ တိရစ္ဆာန်နှင့်ပတ်သတ်သော အလွယ်တကူ မရရှိနိုင်။ စားကျက်မြေ ရှားပါးခြင်း ၊ မွေးမြူရေးအစာနှင့်ဆေးဝါးစသည်တို့ကို ဝယ်ယူသုံးစွဲရသောကြောင့် အကျိုးအမြတ်နည်းပါးသည် ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား မိမိခြံဝင်းအတွင်း ခြံခတ်၍ မွေးမြူကြသည် ။မွေးမြူရေးအတွက် ချေးငွေများရရှိလာမည်ဆိုပါက လက်ရှိမွေးမြူရေးထက်ပိုမို ကျယ်ပြန့်စွာ မွေးမြူလာနိုင်မည်ဖြစ်သည်။ မွေးမြူရေးအတွက် လိုအပ်သော ဓာတ်မြေဩာ ၊ ပိုးသတ်ဆေးများကို တန့်ယန်းမြို့ပေါ်နှင့် မိုင်းကောင်စျေးသို့သွားရောက်ဝယ်ယူရသည် ။ တိရစ္ဆာန်များ၏ သောက်သုံးရေသုံးရေများကိုစိမ့်စမ်းရေထွက်မှခပ်ယူသုံးစွဲရသည်။ ဝက် နွား များကို အကောင်ကြီးသေးပေါ်မူတည်၍ ပေါက်စျေးနှုန်း အတိုင်းရောင်းချရသည်။မွေးမြူရေးနှင့် ပတ်သတ်သောနည်းပညာများ နည်းလမ်းများ အားနည်းသောကြောင့် မိရိုးဖလာနည်းများကိုဆက်လက်ကျင့်သုံးကြသည်။ ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှုများရရှိခဲ့လျှင် ပို၍စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဟု သုံးသပ်မိသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျွန်ုပ်တို့ ကျေးရွာတွင် စားဝတ်နေရေးအတွက် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူနည်းပါးပြီး စိုက်ပျိုးမွေးမြူရေးကိုသာ အဓိကထားလုပ်ကိုင်ကြသည်။ ထို့ကြောင့် ဝင်ငွေရလုပ်ငန်းများမှာလည်း ပြောင်းလဲမှုများနှင့် ရင်ဆိုင်နေရသည်။

ကျွန်ုပ်တို့ လားဟူးကွက်သစ်ကျေးရွာသည် တန့်ယန်းမြို့နှင့် (၂၅) မိုင်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးအသင့်အတင့် ကောင်းမွန်ပြီး မိုးရာသီတွင် အနည်းငယ်ခက်ခဲပါသည်။ထုတ်ကုန်လုပ်ငန်းများအတွက် ကျေးရွာတွင်စျေးကွက်မရှိသေးပါ။ လားဟူးကွက်သစ်ကျေးရွာတွင်ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက်စျေးကွက်လက်လှမ်းမှီမှုမှာ မိုင်းကောင်နှင့် တန့်ယန်းမြို့ပေါ်သို့ ရောင်းချရသည်။ ကျေးရွာတွင် ချေးငွေလုပ်ငန်းများမရှိပါ။၂၀၁၉ခုနှစ်အထိ လျှပ်စစ်မီးမရရှိသေးပဲ ဆိုလာစနစ်ကိုသာအသုံးပြုနေကြသည်ကိုတွေ့ရှိရသည်။အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်မှုအားနည်းပါသည်။ ဒေသထွက်ကုန်များရောင်းချရန် စျေးကွက်အခြေအနေကိုသိရှိမှုအားနည်းသည်။ ကျေးရွာတွင်စက်ရုံအလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ရန် စိုက်ပျိုးမွေးမြူရေးကိုသာအဓိကထားလုပ်ကိုင်ကြသည်။ အသက်မွေးဝမ်းကျောင်း ပညာနှင့် နည်းပညာဆိုင်ရာဝန်ဆောင်မှုများ လိုအပ်လျက်ရှိသည်။

(ဃ) **ရွှေ့ပြောင်းလုပ်သားများ**

ကျွန်ုပ်တို့ လားဟူးကွက်သစ်ကျေးရွာတွင် ရွှေ့ပြောင်းလုပ်သားများမရှိပါ။

(c) **ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက်**

လားဟူကွက်သစ်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးကို အဓိကထားလုပ်ကိုင်သော်လည်းတောင်ပေါ်ဒေသဖြစ်သည့်အတွက် ငါးမွေးမြူခြင်းလုပ်ငန်းမရှိပါ။ ဒေသထွက်ကုန်များကိုကျေးရွာနီးသောစျေးကွက်ဖြစ်သည့် မိုင်းကောင်စျေးသို့ ဆိုင်ကယ်/ကား များဖြင့် သွားရောက်ရောင်းချကြပါသည်။ စျေးကွက်ကြီးတစ်ခုဖြစ်သောတန့်ယန်းမြို့ပေါ်စျေးသည် ကျေးရွာနှင့် (၂၅) မိုင်ခန့် ကွာဝေးသော်လည်း ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ အခြေအနေမှာ အသင့်အတင့်ကောင်းမွန်လျက်ရှိသည်။

(စ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျွန်တော်တို့ကျေးရွာရှိတောင်ယာလုပ်သူများသည် မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် အတိုးမဲ့ဖြင့် ချေးငွေရယူကြပါသည် ။ သို့သော်လည်း ချေးငွေများကို လိုအပ်သည့် အချိန်တွင် လိုအပ်သလောက်ချေးနိုင်ရန် မလွယ်ကူပေ ။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးယာဉ်များ အဖြစ် မော်တော်ဆိုင်ကယ် ၊ ထော်လာကျီ ။ ကား များကို အသုံးပြုနေကြကြောင်း တွေ့ရှိရသည်။ ရွာတွင်းလမ်းသည် ကျောက်ကြမ်းလမ်းနှင့် မြေသားလမ်းများ ဖြစ်သည့် အတွက် မိုးရာသီတွင် သွားလာရ အခက်အခဲအနည်းငယ်ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

၂၀၁၉ခုနှစ်အထိ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာဖြစ်ပါသည် ။လက်ရှိတွင်ဆိုလာ စနစ်၊ ဘတ်ထရီ ဖယောင်းတိုင်များကိုသာအသုံးပြုနေဆဲ ဖြစ်ပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် အလွယ်တကူရရှိနိုင်သော ကျေးရွာ ဖြစ်ပါသည်။ ဥပမာ - ဖုန်း ၊ ရေဒီယို ၊ တီဗွီအသုံးပြုနိုင်သေကျေးရွာဖြစ်သည်။ အင်တာနက်ဝန်ဆောင်မှုမှာလည်း အသင့်အတင့် ကောင်းမွန်ပါသည်။

၇။ ပညာရေး

ကျွန်ုပ်တို့ လားဟူကွက်သစ် ကျေးရွာတွင်စာတတ်မြောက်မှုများပါသည်။ ကျေးရွာတွင်အခြေခံပညာမူလတန်းကျောင်းရှိပါသည် ။ မိဘများ၏ ပညာရေးအားပေး မှုကြောင့်သော်လည်းကောင်း၊ဆရာ/မအင်အားလုံလောက်မှုရှိသည့်အတွက် ကျောင်းတက်နှုန်းများပြားသော်လည်း ဘာသာစကားအခက်အခဲများကြောင့်အနည်းငယ်အဆင်မပြေမှုများ ရှိနိုင်ပါသည်။ ကျေးရွာရှိစာသင်ကျောင်းသည်မြို့ကျောင်းများနှင့်ယှဉ်လျှင် လိုအပ်ချက်များစွာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ စာသင်ကျောင်းတွင် စာသင်ခုံနှင့် အုတ်တံတိုင်းများ ၊ လိုအပ်သေးသည်။

ကျွန်တော်တို့ရွာတွင် ဘွဲ့ရပညာတတ်အနည်းငယ်ရှိပါသည်။ မူလတန်းပညာကိုတက်ရောက်သူဦးရေများပြီး အလယ်တန်းကျောင်းကို အနီးနားရှိ မိုင်းကောင်ရွာမသို့သွားရောက် သင်ကြားရပါသည်။ အထက်တန်းကျောင်းသည် ရွာနှင့် (၂၅) မိုင်ခန့်ဝေးကွာသော တန့်ယန်းမြို့တွင် တည်ရှိပါသည်။ အထက်တန်းကျောင်းနှင့် အဆင့်မြင့်ပညာတက်ရောက်သင်ကြားသူများလည်း အသင့်အတင့်ရှိပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်ုပ်တို့ လားဟူကွက်သစ်ကျေးရွာသည် အခြားကူးစက်နိုင်သော ရောဂါများ မရှိသောကျေးရွာ ဖြစ်ပါသည်။ရာသီအလိုက်ဖြစ်တတ်သော အဖျားရောဂါ နှင့်သွေးတိုးစသည့်ရောဂါများ ဖြစ်ပွားမှုများပြား ကြောင်းလေ့လာတွေ့ရှိရသည်။ ရာသီတုပ်ကွေးအဖြစ်များပြီးတစ်ခြားကူးစက်ရောဂါ မရှိပါ။ ကျေးရွာနှင့် (၅) ဖာလုံ ခန့်ဝေးသော မိုင်းကောင်ရွာမတွင် တိုက်နယ်ဆေးရုံးရှိပြီး ကျေးရွာတွင်လည်းကျေးလက် ဆေးပေးခန်းလိုအပ်လျှက်ရှိသည်။ ကြီးမားတဲ့ရောဂါများအတွက် တန့်ယန်းပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည် ။

သန့်ရှင်းသောသောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိပါသည်။ ကျေးရွာတွင်အများအားဖြင့် ယင်လုံအိမ်သာကိုသာ အသုံးပြုကြသည်။ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ပညာပေးဆွေးနွေး ပွဲများ လိုအပ်သည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လားဟူကွက်သစ်ကျေးရွာသည် စိုက်ပျိုးမွေးမြူရေးကို လုပ်ကိုင်သောရွာဖြစ်သောကြောင့် စိုက်ပျိုးသည့်အချိန်တွင် အထွက်နှုန်းတိုးရန်အတွက် ဓာတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံးရပါသည်။ တောင်ယာလုပ်ကိုင်ခြင်းကြောင့်တောမီးရှို့မှုများရှိခြင်းကြောင့် သစ်တောပြုံးတီးမှု များ ရှိပါသည် ။ သစ်ပင်ခုတ်လှဲမှုများ၍ သဘာဝအပင်မျိုးစိတ်များ ပြုန်းတီးမှုများသောကြောင့် အပင်မျိုးစိတ်များပျက်သုဉ်းမှုအန္တရာယ်များ ဖြစ်ပေါ်နိုင်သည်။ အမှိုက်များကို မီးရှို့ဖျက်စီးကြသလို ချောင်း မြောင်းတွင်လည်းစွန့်ပစ်ကြသည် ။ အမှိုက်များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့် အလေ့အထများရှိစေရန် အသိပညာပေးမှုများ လိုအပ်သည်။

၁၀။ **ကျား၊မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ကျေးရွာရှိ အမျိုးသမီးများမှာ စာပေပညာအားနည်းမှုကြောင့် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်များ တွင်လည်းကောင်း ၊ အခြားကဏ္ဍအုပ်ချုပ်မှုများတွင်လည်းကောင်း အမျိုးသမီးများသည် ပါဝင်နိုင်မှု အားနည်းပါသည်။ သာရေး/နာရေး ချက်ပြုတ်ရေးကိစ္စရပ်များတွင် အမျိုးသားများထက်ပို၍ စွမ်းဆောင် နိုင်ကြသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာနည်းပါးသည်။

၁၁။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအနေဖြင့် သာရေး ၊ နာရေး လုပ်ငန်းများတွင် လည်းကောင်း ၊ လူမှုရေးလုပ်ငန်းများတွင်လည်းကောင်း ဘာသာရေးလုပ်ငန်းများတွင်လည်း ပါဝင်လုပ်ဆောင်မှုများ ရှိကြပါသည်။ သို့သော် ကျန်းမာရေးနှင့် သက်ဆိုင်သော အားကစားကွင်းများ ၊ အသိပညာနှင့်သက်ဆိုင်သော စာကြည့်တိုက်များ ရိပ်သာများ မရှိခြင်းကြောင့် ဖွံ့ဖြိုးရေးအတွက်အားနည်းမှုများရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျွန်ုပ်တို့ လားဟူကွက်သစ်ကျေးရွာတွင် လူကုန်ကူးမှု ၊ ခိုးမှု ၊ မူးယစ်ဆေးသုံစွဲမှုနှင့် အမျိုးသမီးများအားအကြမ်းဖက်မှုများမရှိပါ။ ကျေးရွာတွင်လုံခြုံရေးအခြေအနေမှာ ကောင်းမွန်ပါသည်။ မှုခင်းဖြစ်ပွားမှုမရှိသလောက်နည်းပါးသော ကျေးရွာဖြစ်သည်။ ကျေးရွာတွင် ပြည်သူ့စစ်နှင့် တိုက်ခိုက်ရေးရဲကင်းစခန်းလည်း ရှိသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက်(Project)	ဦးစားပေးအဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ရေစုကန်တည်ဆောက်ခြင်း(စိမ့်စမ်း)	၁	✓	✓			
၂	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၂		✓	✓		
၃	ဘတ်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း	၃			✓	✓	
၄	လျှပ်စစ်မီးလင်းရေး	၄				✓	✓
၅	စာသင်ကျောင်းဆောက်လုပ်ခြင်းလုပ်ငန်း	၅					✓

အပိုင်း(ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (၁) လားဟူကွက်သစ်ကျေးရွာ

ကျေးရွာ	- လားဟူကွက်သစ်ကျေးရွာ
ကျေးရွာအုပ်စု	- မိုင်းကောင်ကျေးရွာအုပ်စု
မြို့နယ်	- တန့်ယန်းမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)

စီမံချက်အမည် - ရေစုကန်တည်ဆောက်ခြင်း

စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ကျေးရွာတွင် လက်ရှိသုံးစွဲနေသောရေသည် ဖူလုံမှုမရှိသောကြောင့် အခက်အခဲများရှိပါသည်။
- နွေရာသီတွင်လည်း ရေဖူလုံမှုမရှိသော အခက်အခဲများလည်းရှိပါသည်။
- ကျေးရွာတွင်း ရေလုံလောက်မှုမရှိသည့်အတွက် ဆောင်ရွက်လိုခြင်းဖြစ်သည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)

- သောက်သုံးရေလုံလောက်စွာရရှိရန်၊
- ရေမဖူလုံမှု ပြဿနာမရှိစေရန်၊

မျှော်မှန်းအကျိုးရလဒ်
(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ရွာသူ/သားများ ရေလုံလောက်စွာ သုံးစွဲနိုင်ခြင်း၊
- ရေကောင်းရေသန့်ရရှိခြင်း၊
- ကျေးရွာလည်း ယခင်ကထက်ပိုမိုတိုးတက်လာပါမည်၊
- လက်ရှိအိမ်ခြေအတွက် ရေလုံလောက်စွာသုံးစွဲနိုင်ပြီး မွေးမြူရေးနှင့် စိုက်ပျိုးရေးအတွက်လည်း အကျိုးသက်ရောက်နိုင်ပါသည်။

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည် ၊ ဘယ်လောက်ပမာဏလုပ်ရမည်)

ရေစုကန်တည်ဆောက်ခြင်း(၈'x၈'x၁၀')(၅၀၀၀ဂါလံ)

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀(ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
• ၃၉၀၀၀၀ (ငွေသား)	• ကျေးရွာ
• xxxxxxxxx(ပစ္စည်း/လုပ်အား)	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၅၃၅	၄၉၂	၁၀၂၇	၃	၁၁	၂၈	၉၈	၁၄၀
အကျိုးခံစားမည့်ဦးရေ	၅၃၅	၄၉၂	၁၀၂၇	၃	၁၁	၂၈	၉၈	၁၄၀
မှတ်ချက် ။ ချောင်လည်အဆင့်-၁ ၊ အလယ်အလတ်အဆင့်-၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ-၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) • လားဟူကွက်သစ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၄-၃-၂၀၁၉
(၃) စီမံချက်ပြီးစီးမည့်အချိန် - ၁၂-၅-၂၀၁၉
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်- • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီးလုပ်ငန်းအစီအစဉ်ကိုပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။ • ရေစုကန်တည်ဆောက်ရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။ • လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ • လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။ • လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။ • လမ်းပြုပြင်မှုနှင့် ပတ်သတ်၍ ရေရှည်တည်တံ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။ • ရေကန်နှင့် ရေပိုက်များပျက်စီးမှုရှိပါက ရေအသုံးပြုသောအိမ်များမှ ကုန်ကျစရိတ်ကို မျှဝေကောက် ခံသွားပါမည်။ • ရေကန်နှင့်ရေပိုက်အခြေအနေအား ရေရှည်ခိုင်ခံ့စေရေးအတွက် လိုအပ်သောပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍လုပ်ဆောင်သွားပါ မည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

မိုင်းကောင်ကျေးရွာအုပ်စု၊ လားဟူကွက်သစ်ကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	မှတ်ချက်
၁	ဦးကျာဟားဦး	ဦးကျာအူ	၁၃/မရတ(နိုင်) ၀၀၂၉၅၃	၄၅	ဥက္ကဋ္ဌ	
၂	ဦးရှေလှ	ဦးကျာစော	၁၃/တယန(နိုင်)၀၆၁၈၄၀	၄၈	အဖွဲ့ဝင်	
၃	ဦးကျခ	ဦးယားပါ	၁၃/တယန(နိုင်)၀၃၉၈၈၇	၃၆	စာရင်းကိုင်	
၄	ဦးကျာဖေ့	ဦးကျဘို	၁၃/တယန(နိုင်) ၀၂၂၉၈၅	၅၀	ဘဏ္ဍာရေးမှူး	
၅	ဦးကျာခူ	ဦးကျာစီး	၁၃/တယန(နိုင်)၀၃၁၀၈၉	၆၀	သေ့ကိုင်	
၆	ဦးကျအီ	ဦးကျဖီး	၁၃/တယန(နိုင်)၀၂၃၀၁၉	၆၀	သေ့ကိုင်	
၇	ဦးကျာဖေ့	ဦးကျာဖ	၁၃/တယန(နိုင်)၀၂၂၉၈၅	၆၅	အတွင်းရေးမှူး	

ဝယ်ယူရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	မှတ်ချက်
၁	ဦးကျာဟားဦ	ဦးကျာအူ	၁၃/တယန(နိုင်)၀၈၄၄၇၃	၄၅	ဥက္ကဋ္ဌ	
၂	ဦးကျခ	ဦးယားပါ	၁၃/တယန(နိုင်)၀၃၉၈၈၇	၃၆	စာရင်းကိုင်	
၃	ဦးကျာဖေ့	ဦးကျာဖ	၁၃/တယန(နိုင်) ၀၂၂၉၈၅	၆၅	ဘဏ္ဍာရေးမှူး	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**	**မသန်စွမ်းသူ အရေအတွက်**	
					ကျား	**မ**
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၁၆	၂၇		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၅၇	၄၇	၁၀၄		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၅၇	၅၅	၁၁၂		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၇၈	၅၄	၁၃၂		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၂၄	၃၁၁	၆၃၅		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၈	၉	၁၇		
စုစုပေါင်း		**၅၅၅**	**၄၈၂**	**၁၀၂၇**		
စုစုပေါင်း အိမ်ထောင်စု		**၁၄၀**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ လားဟူကွက်သစ်ကျေးရွာတွင် အိမ်ထောင်စု **(၁၄၀)** အိမ်ရှိပြီး ၊ **လားဟူ**အများစုနေထိုင်နေထိုင်ပါသည်။ လူဦးရေစုစုပေါင်း **(၁၀၂၇)** ဦးနေထိုင်ပြီး ပျမ်းမျှတစ်အိမ်ထောင်လျှင် **(၇)** ဦးရှိပါသည် ။ နို့စို့အရွယ်

ကလေးများအားလုံးကာကွယ်ဆေးထိုးနှံကြပါသည်။ ကျေးရွာရှိကလေးများ ဖိနှစ်ပြည့်လျှင် မူလတန်းပညာကို သင်ကြားကြပါသည်။ ကျေးရွာရှိ လူငယ်လူရွယ်များသည် အများအားဖြင့် အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသူများလည်းရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်များသောကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်များစွာအထောက်အကူပြုပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၃၇	၁၁၁		၄၂	၆၉		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၈၈	၃၅၂		၂၁၀	၁၄၂		မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၃	၁၃		၈	၅		မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်

လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။။ တောင်သူများဖြစ်သောကြောင့်စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။တောင်ယာလုပ်ငန်းလုပ်ကိုင်သူများပြားပါသည်။ အချို့အိမ်ထောင်စုများမှာ **နိုင်ငံ့ဝန်ထမ်းဟောင်း ရဲဝန်ထမ်းဟောင်းနှင့် ပြည်သူ့စစ်ဟောင်းများဖြစ်သည်** တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်သော အိမ်ထောင်စုများလည်းရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့မှန်းထား

ဧယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၄၀၀၀	၃၅၀၀	၃၅၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

လေ့လာတွေ့ရှိချက်။။။ လူတစ်ဦး၏ လုပ်အားခမှာ ပုံမှန်အားဖြင့်**(၃၅၀၀)** ကျပ်ရရှိကြောင်း လေ့လာတွေ့ရှိရသည်။ သို့သော် အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းကြောင်း တွေ့ရှိရပါသည်။ ရာသီအလိုက် လုပ်ကိုင်ရသောကြောင့် ခက်ခဲကြောင်းကိုလည်းလေ့လာတွေ့ရှိရသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာအရည်အသွေး**(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	**၈**	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	**၂၃၁**	ကောင်း ☑	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	**၁၂**	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၂၅၁**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ ယာမြေ/တောင်ယာမြေလုပ်ကိုင်သူများပြားပါသည်။ အချို့ယာမြေများမှာ ပုံစံ(၇) မရသေးသူများပြားကြောင်း တွေ့ရှိရသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဧယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်	များ ☐ သင့်☐ နည်း ☐	လွယ် ☐ ခက်☐	လျော့ ☐ တိုး ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သယံဇာတများ (ဓာတ်ငွေ့ရေနံ၊ကျောက်မျက်စသည်။)	မရှိ ☑	အသုံးမပြုနိုင်ပါ ☑	အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☑ နည်း ☐မရှိ ☐	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☑နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☑ နည်း ☐ မရှိ ☐	☒	လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။

လားဟူကွက်သစ်ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝစိမ့်စမ်းရေနှင့်သဘာဝသစ်တောများရှိသော်လည်း သစ်တော၊ သစ်ပင်ခုတ်ထွင်မှုများပြားလာသောကြောင့် သစ်တောများပြန်းတီးလာပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရှားပါးလာကြောင်း လေ့လာတွေ့ရှရသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၂၀	၇၀၀	၂၀၇	

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။။ လားဟူကွက်သစ်ကျေးရွာရှိအိမ်ထောင်စုများသည် ဥစ္စာဓနအခြေအနေကောင်းမွန်ပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စု နည်းပါးပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဧယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = လုပ်အားခကြိုယူ =
၆လမှ၁၂လအထိ			အခြားအစာပြောင်းလဲစား = _____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
ဝမ်းစာဖူလုံမှု			အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ လားဟူကွက်သစ်ကျေးရွာတွင် တစ်နှစ်စာအတွက်ဝမ်းစာဖူလုံပါသည်။ ဝမ်းစာမဖူလုံသည့် အိမ်ထောင်စု မရှိသလောက်နည်းပါးသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြစ်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ လားဟူကျေးရွာတွင် သက်ကြီးကူညီစောင့်ရှောက်မှု မလိုအပ်ပါ။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)	စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု		✓				
၂	လျှပ်တပြတ်ရေကြီးခြင်း	✓					
၃	မုန်တိုင်းဒီရေ	✓					
၄	ဆူနာမီ	✓					
၅	တိုင်ဖုန်းမုန်တိုင်း	✓					
၆	လေဆင်နာမောင်း	✓					
၇	ငလျင်	✓					
၈	အပူလှိုင်း	✓					
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓					
၁၀	အအေးလှိုင်း		✓				
၁၁	မိုးသီးကြွေကျမှု	✓					
၁၂	မိုးခေါင်ခြင်း	✓					
၁၃	တောမီးလောင်ခြင်း	✓					
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓					
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓					
၁၆	မြေပြိုခြင်း	✓					
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✓			✓	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓				✓	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓				✓	
၂၀	သစ်တောပြုန်းတီးခြင်း	✓				✓	
၂၁	ငှက်ဖျားရောဂါ	✓				✓	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၂	တီဘီရောဂါ	✓				✓	
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓				✓	
၂၄	ကပ်ရောဂါ	✓				✓	
၂၅	ပြည်တွင်းပဋိပက္ခ	✓				✓	
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓				✓	
၂၇	လူကုန်ကူးခြင်း	✓				✓	
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်		✓			✓	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ- အိမ်ထောင်စု၁၀၀တွင် ၅၅အိမ်ထောင်စုအောက် – နိမ့် အိမ်ထောင်စု၁၀၀ တွင် ၂၅ မှ ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။။။ မီးသွေးဖုတ်ခြင်းကြောင့် သစ်တောများပြုန်းတီးလာပြီး စိမ့်စမ်းရေအထွက်နှုန်း လျော့နည်းလာပါသည်။ တန့်ယန်းမြို့နယ်နှင့်(၂၅)မိုင်သာ ကွာဝေး၍ လမ်းပန်းဆက်သွယ်ရေးအသင့်အတင့် ကောင်းမွန်ပါသည်။ကျန်းမာရေးအသိပညာအားနည်းခြင်း ၊ ရာသီဥတု အအေးလွန်ကဲခြင်းကြောင့် ဒူက်ဖျားရောဂါ ၊ တီဘီရောဂါ ၊ သွေးလွန်တုပ်ကွေးရောဂါ အနည်းငယ်ကျရောက်မှုရှိပါသည်။ သဘာဝဘေးအန္တရာယ် ကျရောက်မှုနည်းသော ကျေးရွာဖြစ်သည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ(		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓					

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ(		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	✓					
၃	ဆင်းရဲသားတောင်သူ	✓					
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက် နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	✓					
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေ ရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ						
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခရှိယာတွင်နေထိုင် သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူ များ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ(		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၈	ကားမောင်းပြီးအသက်မွေးသူများ						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။။။ လားဟူကျေးရွာတွင် အမျိုးသမီးဦးဆောင်လုပ်ငန်းများ ထိခိုက်မှုမရှိပါ။ ရဲဝန်ထမ်းဟောင်းများနှင့် ပြည်သူ့စစ်မှုထမ်းဟောင်းများလည်း ရှိသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဧယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာဖွံ့ဖြိုးရေး)VDP)ကော်မတီ အဖွဲ့အစည်း	၁□၂☑၃□	၇		၇	ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း☑ သင့်□ ညံ့□
၂	လူငယ်အဖွဲ့	၁□၂☑၃□	၅	၄	၉	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း☑ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၃	ယဉ်ကျေးမှုအဖွဲ့၊ လူမှုရေးအဖွဲ့၊ သာရေး/နာရေး	၁□/☑၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၄		၁□/□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၅		၁□/□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၆		၁□/□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၇		၁□/□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။။။ လားဟူကွက်သစ်ကျေးရွာတွင် လူငယ်အဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်း ရှိပါသည် ။ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ ယဉ်ကျေးမှုအဖွဲ့ ၊ လူမှုရေး အဖွဲ့ ၊ သာရေး/နာရေး အဖွဲ့များရှိကြောင်း တွေ့ရှိရသည်။ကျေးရွာအတွင်းရှိ လူထုအခြေပြုဖွံ့ဖြိုးရေးအဖွဲ့သည် ကျေးရွာ၏ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆော်ဩပေးခြင်း ၊စည်းရုံးပေးခြင်းများ အခါအားလျော်စွာ ကူညီဆောင်ရွက် ပေးပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	**အဖွဲ့အစည်းအမျိုးအစား**(မှန်ရာတစ်ခုကိုသာရွေးရန်)	**အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့် ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များ ဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းမရှိပါ၊

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁ (စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၇၄	၂	မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်	၃၀		ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ၅ကေကြား	၃၄	၁	တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား			တောင်သူလတ်
၅	၁၂.၅ကေအထက်	၂		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၄၀	၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။။ လားဟူကွက်သစ်ကျေးရွာ၏ မြေယာပိုင်ဆိုင်မှုမှာ (၂.၅ကေနှင့်၅ကေ)ကြား ၃၄ အိမ်ထောင်စုနှင့် ၂.၅ကေအောက် ဆင်းရဲသားတောင်သူ ၃၀ အိမ် ၊ နှင့် တောင်သူကြီး ၂ အိမ်ထောင်စု ရှိသော်လည်း မြေယာမဲ့ အိမ်ထောင်စုမှာ လည်း ၂၄ အိမ်ထောင်စုထိရှိနေသေးသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ☑	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ☑	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ☑	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ☑	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☑ရာသီ အလိုက်□	ရှိ□မရှိ☑မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ☑

စဉ်	အရင်းအမြစ်	ရေသောက် (ကော)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ□		
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ☑

ရင်းမြစ် ... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။။။ လားဟူကွက်သစ်ကျေးရွာတွင် စိမ့်စမ်းရေနှင့် မိုးရေမှလွဲ၍ အခြားမရှိပါ ။ သောက်သုံးရေ အတွက် စိမ့်စမ်းရေကို အမှိုပြုနေရကြောင်း လေ့လာတွေ့ရှိရသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကော	တစ်ကေအထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကိုသာရွေး ရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ			
